ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

စာအမှတ် ၊ ရညန/ရက/သင်တန်း/ ၂၁၁၀
ရက်စွဲ ၊ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်။

အကြောင်းအရာ။ **သင်္ဘောပေါ်တွင်လက်ရှိတာဝန်ထမ်းဆောင်လျက်ရှိသည့် သင်္ဘောသားများ အနေဖြင့် Basic Safety Training (PSSR) ကို OpenedDoor Seafarer Application ဖြင့် တက်ရောက်သွားရန်ကိစ္စ**

ရည် ညွှန်း ချက် ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ ၂၄-၁၀-၂၀၂၅ ရက်နေ့ ရက်စွဲပါစာအမှတ်၊ ရညန/ရက/သင်တန်း/၁၇၃၅ - IMO Resolution MSC.560(108) ကို Basic Safety Training (PSSR) တွင် ထည့်သွင်း သင်ကြားရန်ကိစ္စ

၁။ အပြည်ပြည်ဆိုင်ရာရေကြောင်းအဖွဲ့ (International Maritime Organization-IMO) က ၂၃-၅-၂၀၂၄ ရက်နေ့တွင် အတည်ပြုထားသော Resolution MSC.560(108) သည် ၁-၁-၂၀၂၆ ရက်နေ့တွင် စတင်အာဏာသက်ဝင်မည်ဖြစ်ပါသည်။ အဆိုပါ Resolution အရ “Contribute to the prevention of and response to violence and harassment, including sexual harassment, bullying and sexual assault” နှင့်စပ်လျဉ်း၍ STCW Code ၏ ဇယား Table A-VI/1-4 ၏ Personal Safety and Social Responsibilities (PSSR) သင်ခန်းစာတွင် ထည့်သွင်း သင်ကြားရန် ရည်ညွှန်းပါစာဖြင့် ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

၂။ ယင်းထုတ်ပြန်ချက်၏ အပိုဒ်(၂)၊ အပိုဒ်ခွဲ (c) အရ သင်္ဘောပေါ်တွင် လက်ရှိတာဝန်ထမ်းဆောင်လျက်ရှိသည့် သင်္ဘောသားများအတွက် **Updating Basic Safety Training - BST (PSSR)** သင်တန်းကို Online မှ တက်ရောက်နိုင်ရန် **OpenedDoor Seafarer Application** အား သင်တန်းလမ်းညွှန်ချက် (Manual) နှင့်အတူ ဌာန၏ **Website: https://dma.gov.mm** တွင် ၁-၁၂-၂၀၂၅ ရက်နေ့မှစတင်၍ လွှင့်တင်ထားပြီးဖြစ်ပါသည်။

၃။ အဆိုပါ Online Course ကို **Updating BST (PSSR)** မတက်ရောက်ရသေးသည့် **Onboard သင်္ဘောသားများသာ** တက်ရောက်ရန်လိုအပ်ပါသည်။

၄။ Online PSSR Course ပါ Module များအားလုံး ပြီးဆုံးပါက အကဲဖြတ်မှု (Online Assessment) ဖြေဆိုရမည်ဖြစ်ပြီး အောင်မြင်ပြီးကြောင်း အထောက်အထား (**Online Course Completion Record for PSSR Amendment**) ကို ရရှိမည်ဖြစ်ပါသည်။

၅။ အဆိုပါအထောက်အထားကို သက်ဆိုင်ရာ အာဏာပိုင်များက စစ်ဆေးသည့်အခါ ပြသနိုင်ရန်ဖြစ်ပြီး သင်္ဘောပေါ်မှ ပြန်လည်ရောက်ရှိပါက အသိအမှတ်ပြု သင်တန်းကျောင်း တစ်ခုခုတွင် အောက်ပါသတ်မှတ်ချက်အတိုင်း PSSR သင်တန်းတစ်ခုခုကို မပျက်မကွက် ပြန်လည်တက်ရောက်ရမည်ဖြစ်ပါသည်-

(က) **All-in-One လက်မှတ်သက်တမ်းတိုး လျှောက်ထားရန် လိုအပ်သည့် သင်္ဘောသားများ** အနေဖြင့် BST Revalidation အပါအဝင် လိုအပ်သော Revalidation Course များ တက်ရောက်ပြီး သက်တမ်းတိုး လက်မှတ်လျှောက်ထားရမည်၊ သို့မဟုတ်

(ခ) **All-in-One** CoC/CoP လက်မှတ်သက်တမ်း ကျန်ရှိနေသေးသဖြင့် **လက်မှတ်အသစ်လျှောက်ထားရန်မလိုအပ်သေးသည့် သင်္ဘောသားများ**အနေဖြင့် အသိအမှတ်ပြု သင်တန်းကျောင်း တစ်ခုခုက ထုတ်ပေးသည့် **Updating BST (PSSR)** Training သင်တန်းဆင်းလက်မှတ် (Course Completion Certificate) ကို ပူးတွဲကိုင်ဆောင်ထားရမည်။

၆။ BST Revalidation Course များ တက်ရောက်နိုင်သည့် သင်တန်းကျောင်းများနှင့် **Updating BST (PSSR)** Training တက်ရောက်နိုင်မည့် သင်တန်းကျောင်းများကို ဦးစီးဌာန၏ **Website: https://dma.gov.mm/** တွင် ဖော်ပြထားပါသည်။

(signature) 1/12/2025

ခေတ္တညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)
ညီညီထွန်း - ညွှန်ကြားရေးမှူး(ရေကြောင်း)

**ဖြန့်ဝေခြင်း**

ရေကြောင်းအန္တရာယ်ကင်းရှင်းရေး၊ လုံခြုံရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဌာနခွဲ
သင်္ဘောသားဌာနခွဲ } **SRPS ကုမ္ပဏီများသို့ ဆက်လက်ဖြန့်ဝေပေးနိုင်ပါရန်။**

Myanmar Mercantile Marine College

Aung Tharaphu Maritime Training Centre

Brilliance Maritime Training Centre

Band of Brothers Specialized Tankers Maritime Training Centre

Cygnus Maritime Training Centre

Glorious Future Maritime Training Centre

HTET OO Maritime Training Centre

Innovative Marine Maritime Training Centre

Myanmar Excellent Stars Maritime Training Centre

Myanmar Hotel & Tourism Management Academy Maritime Training Centre

Pacific Glory International Maritime Training Centre

Prosperity Maritime Training Centre (Bright Orient Co.,ltd)

Royal Pole Star Maritime Training Centre

Uniteam Maritime Training Centre

Zay Ya Theikdi Maritime Training Centre

မိတ္တူကို-

ညွှန်ကြားရေးမှူးချုပ်ရုံး

ရုံးလက်ခံ

မျှောစာတွဲ